# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး
# ပဉ္စမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၈.၁၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က) နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောမော်ထွန်း၊ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ဦးစိုးဝင်း၊ ဧရာဝတီ(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထွန်းကျော်၊ နံ့နက်ပိုင်းခွင့်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကျန်းမာရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးသက်၊တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကော်မတီအစည်းအဝေး။ ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်၊ ကော်မတီအစည်းအဝေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စူပါမားကက်ကြီးများတွင် ဖမ်းဆီးရမိသော ကာမ စိတ်ကြွတားမြစ်ဆေးများနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း (ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ) က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စူပါမားကက်ကြီးများတွင် ဖမ်းဆီးရမိသော ကာမစိတ်ကြွတားမြစ်ဆေးများနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးအောင်ငြိမ်း (ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီဥက္ကဋ္ဌ တာဝန်ယူ ဆောင်ရွက်နေသူလည်း ဖြစ်ပါတယ်။ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာများအနက်မှ အများပြည်သူတို့ရဲ့ အကျိုးငှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ လူ့အခွင့်အရေး ချိုးဖောက်ခံနေရမှုကို ကာကွယ်ပေးပါရန် တင်ပြလာခြင်း ကိစ္စဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၄၃)နေ ဦးထွန်းထွန်းကျော်။ ၁၂/ကမတ(နိုင်)၀၄၂၂၈၁ မှာ လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုကိစ္စနှင့် ပတ်သက်၍ ကာကွယ်ပေးပါရန် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသို့ တင်ပြလာခဲ့ပါတယ်။ တင်ပြစာအရ အကြောင်းအရာ အကျဉ်းချုပ်တင်ပြရပါက ၁၆-၂-၂၀၁၃ ရက်နေ့က ညနေ (၁၇း၃၀)အချိန်ခန့်တွင် စိန်ဂေဟာ Super Market ဆေးကောင်တာမှ တာဝန်ခံ မမြင့်မြင့်ဦး နဲ့ ညနေ (၁၉း၃၀)အချိန်ခန့်မှာ တော်ဝင်စင်တာ၊ Orange Super Market ဆေးကောင်တာမှ မယဉ်ယဉ်ခိုင် တို့ (၂)ဦးဟာ ဆေးကောင်တာမှ ကာမစိတ်ကြွ တားမြစ်ဆေးတွေ့ရှိမှုဖြင့် ဒဂုံမြို့နယ် ရဲစခန်းတွင် ဖမ်းဆီးချုပ်နှောင်ခံထားရသည်မှာ ယနေ့ အချိန်အထိ တင်ပြရက်စွဲ ၃-၃-၂၀၁၃ ရက်နေ့အထိ ကိုယ်စိတ်ဆင်းရဲပင်ပန်းစွာ နေနေကြရပါကြောင်း၊ ၎င်းအမျိုးသမီး(၂)ဦးသည် ရိုးသားစွာ ဝန်ထမ်းပီပီ ပိုင်ရှင်၊ မန်နေဂျာများညွှန်ကြားသည့်အတိုင်း တာဝန်ထမ်းဆောင်နေကြရသူများသာဖြစ်၍ တားမြစ်ဆေးဝါးပစ္စည်းတို့ကို မိမိသဘောဆန္ဒအလျောက် ရောင်းချရသောသူများ မဟုတ်ကြရပါကြောင်း၊ တားမြစ်ဆေးဝါးဟူ၍ သိရှိနားလည်ခြင်းမရှိဘဲ မိမိတာဝန်ကျကောင်တာတွင် တားမြစ်ဆေးဝါးရှိရုံဖြင့် ဖမ်းဆီးခံရခြင်းမှာ မဖြစ်သင့်ပါကြောင်း၊ ဖမ်းဆီးရမိသည့်နေရာသည် တရားဝင် ပြည်သူအားလုံးသိသော Super Market ကြီးများဖြစ်ပြီး၊ သတ်မှတ်ထားသော Label တံဆိပ်ကပ်၍ ရောင်းချနေရာတွင် အလှည့်ကျ တာဝန်ထမ်းဆောင်သော ဝန်ထမ်းများသာ ဖမ်းဆီးခံရပြီး၊ အမှန်တကယ် တာဝန်ရှိသူပိုင်ရှင်၊ မန်နေဂျာ၊ ပစ္စည်းတင်သွင်းသူ၊ ဝယ်ယူသူများမှာ ဖမ်းဆီးချုပ်နှောင်မှုကင်းလွတ်နေကြပါကြောင်း၊ သို့ပါ၍ လခစားအရောင်းဝန်ထမ်းမြန်မာအမျိုးသမီးများသည် ကိုယ်တိုင်ကျူးလွန်ရခြင်းမရှိဘဲ အပြစ်တစ်ခုအတွက် အလှည့်ကျတာဝန်ယူရင်း ပြစ်ဒဏ်ကျခံနေရသည်ဆိုပါက အနာဂတ်တွင် အမည်းစက်ထင်ကျန်၍ ဘဝသာယာလှပနိုင်မည်

မဟုတ်ပါကြောင်းနှင့် လူ့အခွင့်အရေးဆုံးရှုံးနေသော အမျိုးသမီး(၂)ဦး၏ ဘဝကို ကယ်တင်ပေးပါရန် တင်ပြလာခြင်း ဖြစ်ပါတယ်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီက စိစစ်တွေ့ရှိရသည်မှာ အများပြည်သူသိသော Super Market ကြီးများပေါ်တွင် တာဝန်ရှိသူတို့၏ စီမံခန့်ခွဲကြီးကြပ်မှု၊ အုပ်ချုပ်မှုအဆင့်ဆင့်ဖြင့် ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေကြရကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဖမ်းဆီးချုပ်နှောင်ခံရသော အမျိုးသမီး(၂)ဦး မနစ်နာစေရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။

သို့ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အပြစ်မရှိသော ပြည်သူများ နစ်နာမှုမရှိစေရန်နှင့် အပြစ်ရှိသောသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် အောက်ပါမေးခွန်းများကို မေးမြန်းတင်ပြအပ်ပါတယ် -

(က) Super Market ကြီးများဖြစ်သော စိန်ဂေဟာနှင့် တော်ဝင်စင်တာတို့တွင် ဖမ်းဆီးရမိသော ကာမစိတ်ကြွတားမြစ်ဆေးများသည် အရောင်းကောင်တာမှ တာဝန်ခံများက ဝယ်ယူတင်သွင်းရောင်းချခြင်း ဟုတ်/မဟုတ်။ ဆိုင်ပိုင်ရှင်များက ရောင်းခိုင်းသောဆေးများ ဟုတ်/မဟုတ်။ ပစ္စည်းထုတ်ပေးစာရင်း၊ ရောင်းရငွေ၊ ပြန်သွင်းသော စာရင်းများကို စစ်ဆေးပြီးမှ ဖမ်းဆီးခြင်း ဟုတ်/မဟုတ်။

( ခ) ဆိုင်ကြီးများက ရောင်းချခိုင်းသော ပစ္စည်းမဟုတ်ဘဲ အဖမ်းခံနေရသော အရောင်းဝန်ထမ်းများက ဆိုင်ရှင်မသိအောင် ရောင်းချနေခြင်းမျိုးဆိုလျှင် ဖမ်းဆီးခံရမှုမှာ မှန်ကန်နိုင်သော်လည်း ဆိုင်ပိုင်ရှင် တာဝန်ခံများက ရောင်းချခိုင်းသော ပစ္စည်းဖြစ်ပါက လက်ရှိ အဖမ်းခံနေရသော အရောင်းဝန်ထမ်း(၂)ဦးကို ဖမ်းဆီးခြင်းမှာ မှန်ကန်မှုမရှိနိုင်ပါ။ သေချာစိစစ်ပြီးမှ ဖမ်းဆီးခြင်း ဟုတ်/မဟုတ်။

( ဂ) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ထင်ရှားသော Super Market ကြီးများတွင် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်၍ အခြားသော ဆိုင်များတွင်လည်း ယင်းဆေးများကို ရောင်းချနေသည်ဟုယူဆရသဖြင့် အခြားသောဆိုင်များကို စစ်ဆေးမှု ပြုလုပ်ခဲ့ခြင်း ရှိ၊ မရှိ။

(ဃ) လက်ရှိ အဖမ်းခံ၊ အရောင်းတာဝန်ခံ ဝန်ထမ်း(၂)ဦးကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားသည်။ ၎င်းတို့အား အရေးယူခြင်းသည် ဥပဒေနှင့် ညီ/ မညီ။

( င) ဆိုင်ပိုင်ရှင်၊ မန်နေဂျာတို့ကို အရေးယူခြင်း ရှိ၊ မရှိ။ ရှိပါက မည်ကဲ့သို့ အရေးယူထားသည်။ အရေးယူခြင်း မရှိပါက မည်သည့်အတွက်ကြောင့် အရေးယူခြင်းမရှိသည်တို့ကို မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ယခုနှစ်၌ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ဧက မည်မျှ ရှိသည်၊ ဘိန်းပင်များကို မည်ကဲ့သို့ ဖျက်ဆီးမည်၊ မူးယစ်ဆေးဝါး ထုတ်လုပ်နေသော လက်နက်ကိုင်များကို မထုတ်လုပ်ရန် မည်ကဲ့သို့ ထိန်းချုပ်မည်၊ မူးယစ်ဆေးဝါး ထုတ်လုပ် ဖြန့်ဖြူးနေမှု များအား ပြည်ပနိုင်ငံများနှင့်ပူးပေါင်း၍ ထောက်လှမ်းရေး သတင်းအချက်အလက် ဖလှယ်ရယူသွားရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေ က ယခုနှစ်၌ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ဧက မည်မျှရှိသည်၊ ဘိန်းပင်များကို မည်ကဲ့သို့ ဖျက်ဆီးမည်၊ မူးယစ်ဆေးဝါး ထုတ်လုပ်နေသော လက်နက်ကိုင်များကို မထုတ်လုပ်ရန် မည်ကဲ့သို့ ထိန်းချုပ်မည်၊ မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးနေမှုများအား ပြည်ပနိုင်ငံများနှင့်ပူးပေါင်း၍ ထောက်လှမ်းရေးသတင်း အချက်အလက် ဖလှယ်ရယူသွားရန် အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒအမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးနှင့်တကွ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းမဲဆန္ဒနယ် အမှတ်(၁၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

ကျွန်တော်တင်ပြ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် မေးခွန်း(၆)ခု ဖြစ်ပါတယ်။ (က) ယခုနှစ်၌ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ဧက မည်မျှရှိသနည်း။ (ခ) ထိုဘိန်းပင်များကို မည်ကဲ့သို့ ဖျက်ဆီးမည်နည်း။ (ဂ) တုတ်နှင့် ဝါးခြမ်းများဖြင့် ဌေ့ယမ်းဖျက်ဆီးခြင်းထက် လေယာဉ်ဖြင့် ဆေးဖျန်းခြင်း၊ ဆေးဖျန်းပုံး၊ ဆေးဖျန်းစက်များဖြင့် ဖျက်ဆီးခြင်းက ပိုမိုကောင်းမွန်ထိရောက်သောကြောင့် ထိုစက်ကိရိယာ၊ လေယာဉ်၊ အပင်သတ်ဆေးများကို UN အပါအဝင် U.S.A, EU တို့မှ အထောက်အပံ့ရရှိအောင် မည်ကဲ့သို့ တောင်းခံတင်ပြမည်ကို သိရှိလိုပါသည်။ (ဃ) ဘိန်းပင်မှ ထုတ်လုပ်ခြင်း မဟုတ်သော အခြားမူးယစ်ဆေးဝါးများကို မည်သည့်လက်နက်ကိုင်များ ကြီးစိုးရာဒေသမှ အဓိကထုတ်လုပ် ဖြန့်ဖြူးနေသနည်း။ (င) ထိုမူးယစ်ဆေးဝါး ထုတ်လုပ်သော လက်နက်ကိုင်များကို မထုတ်လုပ်ရန် မည်ကဲ့သို့ ထိန်းချုပ်မည်နည်း၊ မည်ကဲ့သို့ ကတိကဝတ် တောင်းခံမည်နည်း။ (စ) ထိုသို့ မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးနေမှုများအား ပြည်ပနိုင်ငံများနှင့် ပူးပေါင်း၍ ထောက်လှမ်းရေး သတင်းအချက်အလက် ရယူဖလှယ်သွားရန် အစီအစဉ် ရှိ၊ မရှိ ဟူ၍ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ကမ္ဘာ့အလယ်မှာ ဒီမိုကရေစီနိုင်ငံသစ်အဖြစ် နာမည်ကောင်းနဲ့ ပေါ်ထွက်လာနေသည်နှင့်အတူ နာမည်ဆိုးနှင့် ကျော်ကြားမှုများကိုလည်း အလျင်အမြန်လျှော့ချနိုင်အောင် ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ဒီလိုနာမည်ဆိုးနဲ့ ကျော်ကြားတဲ့ အထဲမှာ ကမ္ဘာ့ဘိန်းထုတ်လုပ်မှု ဒုတိယအများဆုံးဆိုတဲ့ ဂုဏ်ပုဒ်တစ်ရပ်လည်း ပါဝင်နေပါတယ်။ ဒီ နာမည်ကျော်ခြင်းအတွက် မိမိတို့မှာ အထူးမျက်နှာငယ် ရှက်ရွံ့မိပြီးတော့ ပြည်ပနိုင်ငံများမှ ဧည့်သည်တော်များနှင့် တွေ့ဆုံတဲ့အခါ၊ ဒါမှမဟုတ် ပြည်ပနိုင်ငံတွေကို ကျွန်တော်တို့သွားတဲ့အခါ ဒီ အမတ်တွေက

ငါတို့ရှေ့မှာသာ ဟုတ်သလိုလိုနဲ့ နောက်ကွယ်မှာ မူးယစ်ဆေးဝါးတွေနဲ့ ဘိန်းစိုက်တောင်သူတွေကို အကာအကွယ် ပေးနေတာပါလို့ အထင်အမြင်သေးပြီး ရှုံ့ချမှာကို ကျွန်တော့်အနေနဲ့ စိုးရိမ်ပါတယ်။

ထို့အတူ အစိုးရအဖွဲ့နဲ့ အဖွဲ့ဝင်တွေ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနစတဲ့ တာဝန်ရှိသူများမှာ အဲဒီလိုကွယ်ရာမှာ သမုတ်ခံရမှာကိုလည်း ကျွန်တော့်အနေနဲ့ စိုးရိမ်ပါတယ်။ ဒါကြောင့် ဒီကိစ္စကို ပွင့်ပွင့်လင်းလင်းပဲ၊ ဒီလိုကိစ္စတွေကိုတို့က အကာအကွယ်ပေးမထားဘူး။ ဘယ်လိုနှိမ်နင်း သွားမယ်ဆိုတဲ့ စီမံချက်ချပြီး အကောင်အထည်ဖော်ဖို့လိုပြီလို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ အရင်တုန်းက ဘိန်းစစ်ဆင်ရေးအတွက် အမေရိကန်ပြည်ထောင်စုက လေယာဥ်တွေ၊ ရဟတ်ယာဥ်တွေ၊ ဆေးဖျန်းတဲ့ လေယာဥ်ပျံတွေ ထောက်ပံ့ခဲ့ဖူးတာ ကျွန်တော်တို့ သိရှိပြီးဖြစ်ပါတယ်။ အခုအချိန်မှာ အဲဒီ နိုင်ငံတွေကနေ ဘိန်းနှိမ်နင်းရေးအတွက် အထောက်အပံ့ တောင်းခံရယူသင့်တယ်လို့ ထင်မြင်ယူဆ ပါတယ်။ စစ်ကြောင်းတွေ ချီတက်ပြီးတော့ ဝါးခြမ်းပြားနဲ့ ရိုက်ဖျက်တာထက်စာရင် အပင်သတ် ဖျန်းဆေး တွေ၊ အဲဒီဖျန်းဆေးတွေဟာ အမြစ်အထိအောင် ခြောက်သွေ့ဖျက်ဆီးတတ်တဲ့ အတွက်ကြောင့် ဆေးဖျန်း ဖျက်ဆီးသင့်ပါတယ်။ ဒီ ဆေးအတွက် ကုန်ကျစရိတ်ဟာလည်း များပြားတဲ့အတွက်ကြောင့် UN နဲ့ UNODA, U.S.A, EU စသည်တို့က ပွင့်ပွင့်လင်းလင်းပဲ တင်ပြပြီးတော့ အကူအညီတောင်းခံသင့်တယ်လို့ ထင်မြင်ယူဆပါတယ်။

ဒါ့အပြင် ဘိန်းကိုအခြေခံပြီး ထုတ်လုပ်ခြင်းမဟုတ်တဲ့ Metaphetamine Ice တို့စတဲ့ ဆေးဝါးများကိုလည်း ထုတ်လုပ်နေတဲ့ လက်နက်ကိုင်များကို ဒီအတိုင်းဆက်လက်ပြီးတော့ ထုတ်ခွင့်ပေး နေတော့မှာလား။ အဲဒီလို ဥပက္ခာပြုနေရင် မိမိအစိုးရ အပါအဝင် ပါဝင်ပတ်သက်နေသယောင် အထင် အမြင်တွေ လွဲမှားနိုင်ပါတယ်။ ဒါကြောင့် ဒီအဖွဲ့အစည်းတွေ၊ မူးယစ်ဆေးဝါးထုတ်လုပ်တဲ့ စက်ရုံတည် နေရာတွေကို အခြားနိုင်ငံများရဲ့ နည်းပညာအကူအညီ၊ ထောက်လှမ်းရေးအချက်တွေ ရယူပြီးတော့ ဘယ်လို Raid လုပ်မလဲ။ ဒီလိုလုပ်မှသာလျှင် မြန်မာပြည်မှာ ကျယ်ကျယ်ပြန့်ပြန့် လွယ်လွယ်ကူကူ ဝယ်လို့ရနေတဲ့ မူးယစ်ဆေးဝါးကိစ္စတွေ ငြိမ်းအေးသွားမယ်လို့ ထင်မြင်ယူဆပါတယ်။

ဒါကြောင့်မို့လို့ အထက်ပါ မေးခွန်း(၆)ခုအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၃။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

အခုပထမဦးစွာ အမျိုးသားလွှတ်တော်၊ ပြည်သူတို့ရဲ့ တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း က ဖြေကြားသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်ထဲရေးဝန်ကြီးဌာနရဲ့ မူဝါဒ၊ ရည်မှန်းချက်နဲ့ လုပ်ငန်းစဉ်များနဲ့အညီ ပြည်တွင်းလုံခြုံရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးနဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဆိုတဲ့ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ရည်မှန်းချက်တာဝန်တွေကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ အဓိကတာဝန်ကြီး(၂)ရပ်ဖြစ်တဲ့ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းများ မဖြစ်ပွားစေဖို့ ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားတဲ့ မှုခင်းတွေကို စုံစမ်းဖော်ထုတ် အရေးယူခြင်းနဲ့ ထိုက်သင့်တဲ့ ပြစ်ဒဏ်များ ရရှိရေးကို ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားလွှတ်တော်၊ ပြည်သူတို့ရဲ့ တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ Super Market ကြီးများ ဖြစ်သော စိန်ဂေဟာနဲ့ တော်ဝင်စင်တာတို့တွင် ဖမ်းဆီးရမိသော ကာမစိတ်ကြွတားမြစ်ဆေးများသည် အရောင်းကောင်တာမှ တာဝန်ခံများမှ ဝယ်ယူတင်သွင်းရောင်းချခြင်း ဟုတ်/မဟုတ်။ ဆိုင်ပိုင်ရှင်များက ရောင်းခိုင်းသော ဆေးများ ဟုတ်/မဟုတ်။ ပစ္စည်းထုတ်ပေးစာရင်း၊ ရောင်းရငွေ ပြန်သွင်းစာရင်းများကို စစ်ဆေးပြီးမှ ဖမ်းဆီးခြင်း ဟုတ်/မဟုတ်ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ အရောင်းကောင်တာမှ တာဝန်ခံများက လည်းကောင်း၊ ဆိုင်ပိုင်ရှင်များက လည်းကောင်း၊ ဝယ်ယူတင်သွင်းရောင်းချခြင်း မဟုတ်သလို ရောင်းခိုင်းတဲ့ ဆေးဝါးများလည်း မဟုတ်ကြောင်း စုံစမ်းစစ်ဆေးမှုအရ သိရှိရပါတယ်။

သို့ဖြစ်တဲ့အတွက် ပစ္စည်းထုတ်ပေးစာရင်း၊ ရောင်းရငွေနဲ့ ပြန်သွင်းသော စာရင်းများကို စစ်ဆေးပြီးမှ ဖမ်းဆီးခြင်း မဟုတ်ပါ။ အဆိုပါ ဆေးများကို ဖမ်းဆီးရခြင်းမှာ ရဲတပ်ဖွဲ့ရဲ့ သတင်းစုံစမ်း ထောက်လှမ်းမှုနဲ့ ယုံကြည်စိတ်ချရတဲ့ သတင်းပေးများထံမှ ရရှိတဲ့ သတင်းများအရ ပိုမိုခိုင်မာအောင် တည်ဆောက်ကာ ရောင်းချနေမှုကို စနစ်တကျ အတည်ပြုရရှိပြီး ဖော်ထုတ်ဖမ်းဆီးခြင်း ဖြစ်ပါတယ်။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူး အဖွဲ့တို့နဲ့အတူ မိမိတပ်ဖွဲ့ဝင်များက ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၃)ရက်နေ့မှ (၁၆)ရက်နေ့အထိ အစီအမံများ ချမှတ်ပြီး ရရှိတဲ့သတင်းများအပေါ် မူတည်လျက် ကျောက်တံတားမြို့နယ်၊ လသာမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ တာမွေမြို့နယ်၊ ကမာရွတ်မြို့နယ်၊ ပန်းပဲတန်း မြို့နယ်နဲ့ ဒဂုံမြို့နယ်တို့မှာ ဝင်ရောက်ဖမ်းဆီးခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒီလို ဝင်ရောက်ဖမ်းဆီးခဲ့ရာ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆)ရက်နေ့မှာ ဒဂုံမြို့နယ် မှာရှိတဲ့ စိန်ဂေဟာနဲ့ တော်ဝင်စင်တာတို့မှာ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ပါတယ်။ ဆိုင်ကြီးများမှ ရောင်းချခိုင်း သောပစ္စည်းများ မဟုတ်ဘဲ အဖမ်းခံနေရသော အရောင်းဝန်ထမ်းများက ဆိုင်ရှင်မသိအောင် ရောင်းချ နေခြင်းမျိုးဆိုလျှင် ဖမ်းဆီးခံရမှုမှာ မှန်ကန်သော်လည်း ဆိုင်ပိုင်ရှင်၊ တာဝန်ခံများက ရောင်းချခိုင်းသော ပစ္စည်းများဖြစ်ပါက လက်ရှိ အဖမ်းခံနေရသော အရောင်းဝန်ထမ်း(၂)ဦးကို ဖမ်းဆီးခြင်းမှာ မှန်ကန်မှု မရှိနိုင်ပါ။ သေချာစွာ စိစစ်ပြီးမှ ဖမ်းဆီးခြင်း ဟုတ်/မဟုတ် ဆိုတာနဲ့ စပ်လျဉ်းလို့ သတင်းအရ အဆိုပါ

Super Market (၂)ခုကို ဝင်ရောက်ဖမ်းဆီးစဉ်က ဆေးရောင်းကောင်တာမှာ ရောင်းချနေတဲ့ အရောင်းဝန်ထမ်းများကိုသာ ဦးစွာစစ်ဆေးရန်အတွက် အမှုနဲ့ ရမန်ယူ စစ်ဆေးခဲ့ခြင်း ဖြစ်ပါတယ်။

ဎင်းတို့ရဲ့ ထွက်ဆိုချက်များအရ ဆက်စပ်ဖော်ထုတ်စစ်ဆေးပြီး နောက်ဆုံး ပေါ်ပေါက်ချက်များကို စိစစ်ကာ ဥပဒေအကြံပြုချက်များ တောင်းခံခဲ့ပါတယ်။ ဥပဒေအကြံပြုချက်များအရ ဆိုင်ပိုင်ရှင်နဲ့ တာဝန်ခံများက ရောင်းချခိုင်းသော ပစ္စည်းများ မဟုတ်ခြင်း၊ ဆိုင်အရောင်းဝန်ထမ်းများ ကိုယ်တိုင်ကလည်း ဆေးအကြောင်း မသိခြင်းတို့ကို စစ်ဆေးတွေ့ရှိရပြီး အမှန်တကယ် တာဝန်ရှိသူဖြစ်တဲ့ အဝယ်တော်များမှာ လုံးဝတာဝန်ရှိကြောင်း ပေါ်ပေါက်တဲ့အတွက် ဒဂုံမြို့နယ် ရဲတပ်ဖွဲ့မြို့မရဲစခန်းက အဝယ်တော်(၂)ဦး ဖြစ်တဲ့ စိန်ဂေဟာမှ မျိုးဝင်း၊ (၃၉)နှစ်၊ ဗမာ၊ ဗုဒ္ဓ၊ (ဘ)ဦးသန်းဝင်း၊ အမှတ်(၈၉)၊ နှင်းဆီကုန်းလမ်း၊ စောရန်ပိုင်ရပ်ကွက်၊ အလုံမြို့နယ်နေသူကို ပ - ၃၂/၂၀၁၃ နဲ့ တော်ဝင်စင်တာမှ အောင်မြတ်သူ၊ (၂၄)နှစ်၊ ဗမာ၊ ဗုဒ္ဓ၊ (ဘ)ဦးဆန်းအောင်၊ အမှတ်(၄/၁၀၈၂)၊ ဗိုလ်ချုပ်လမ်း၊(၄)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်နေသူတို့ကို ပ - ၃၃/၂၀၁၃ တို့ဖြင့် အမျိုးသားဆေးဝါး ဥပဒေပုဒ်မ ၁၈ အရ ဒဂုံမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်မှာ တရားရုံးမှ ထောင်ဒဏ်တစ်လနဲ့ ငွေကျပ်ငါးသောင်း အသီးသီး အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ထင်ရှားသော Super Market ကြီးများတွင် စိတ်ကြွဆေးများ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်၍ အခြားသောဆိုင်များတွင်လည်း ယင်းဆေးများကို ရောင်းချနေသည်ဟု ယူဆရသဖြင့် အခြားသောဆိုင်များကို စစ်ဆေးမှုပြုလုပ်ခဲ့ပါသလားဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အခြားဆိုင်များမှလည်း အဲဒီ ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ အလားတူ ဆေးဝါးများရောင်းချတဲ့ Super Market မဟုတ်သော ဆေးဆိုင်(၁၇)ဆိုင်ကိုလည်း ဝင်ရောက်ဖမ်းဆီးခဲ့ရာ တရားခံ ကျား(၁၇)ဦး၊ မ(၁)ဦး၊ စုစုပေါင်း (၁၈)ဦးတို့ကို ဖမ်းဆီးရမိပြီး အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၁၈ အရ သက်ဆိုင်ရာ တရားရုံးအသီးသီးမှာ တရားဆွဲ တင်ပို့ခဲ့ပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လက်ရှိ အဖမ်းခံ အရောင်းတာဝန်ခံ ဝန်ထမ်းနှစ်ဦးကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားကြောင်း၊ ဎင်းတို့အား အရေးယူခြင်းသည် ဥပဒေနဲ့ ညီ၊ မညီ ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ Super Market (၂)ခုမှ အရောင်းဝန်ထမ်း(၂)ဦးကို ဦးစွာဖမ်းဆီးရခြင်းဟာ ဎင်းတို့က အခင်းဖြစ်ပစ္စည်းများနဲ့ စပ်လျဉ်းလို့ ရောင်းချသူများ ဖြစ်တဲ့အတွက်ကြောင့် ဎင်းတို့ (၂)ဦးကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနဲ့အညီ အမှုဖွင့်၊ အမှုနဲ့ ဦးစွာဖမ်းဆီးစစ်ဆေးရခြင်း ဖြစ်ပါတယ်။ အရောင်းတာဝန်ခံ (၂)ဦးကို ဖမ်းဆီးစစ်ဆေးခဲ့ပြီး စုံစမ်းစစ်ဆေးပေါ်ပေါက်ချက်အရ အမှုဖြစ်စဉ်များမှာ ဆက်နွှယ်မှုရှိခဲ့ပေမယ့်လည်း အမှန်တကယ် တာဝန်ရှိတဲ့ အဝယ်တော် (၂)ဦးကိုသာ တရားစွဲဆိုခဲ့ပြီး အရောင်းတာဝန်ခံ (၂)ဦးကိုတော့ ရဲစစ်ဆေးဆဲ ကာလအတွင်း ၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၇၊ ပုဒ်မခွဲ ၁ အရ ခံဝန်ချုပ်များနဲ့ ပြန်လည်စေလွှတ်ခဲ့ပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆိုင်ပိုင်ရှင် မန်နေဂျာတို့ကို အရေးယူခြင်း ရှိ/ မရှိ။ ရှိပါက မည်ကဲ့သို့ အရေးယူထားကြောင်း၊ အရေးယူခြင်းမရှိပါက မည်သည့်အတွက်ကြောင့် အရေးယူခြင်း မရှိကြောင်း မေးခွန်းနဲ့ စပ်လျဉ်းလို့ ဆိုင်ပိုင်ရှင်၊ မန်နေဂျာတို့အနေဖြင့် ယခုအမှုများမှာ ဎင်းတို့က သီးခြားစီတာဝန်ပေးထားတဲ့ အဝယ်တော်များကသာလျှင် တာဝန်မဲ့စွာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သောကြောင့်သော်လည်းကောင်း၊ ဎင်းတို့အနေနဲ့

အဲဒီပစ္စည်းမျိုးကို ရောင်းချရန် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ညွှန်ကြားထားမှု မရှိသောကြောင့်သော်လည်းကောင်း၊ အဝယ်တော်များရဲ့ ထွက်ဆိုချက်များအရသော်လည်းကောင်း၊ ဆိုင်ပိုင်ရှင်နဲ့ မန်နေဂျာတို့က ဖြစ်စဥ်ဖြစ်ရပ်နဲ့ ဆက်စပ်ပတ်သက်မှု လုံးဝမရှိတဲ့အတွက် အရေးမယူခဲ့ခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ အရေးယူဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဥ်းလို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါး ပပျောက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ အရှိန်အဟုန် မြှင့်တိုက်ဖျက်ရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများရဲ့ ဘဝဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေး မဟာဗျူဟာချမှတ်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးများမှာရှိတဲ့ လမ်းပန်းဆက်သွယ်ရေး သွားလာရန်ခက်ခဲတဲ့ နေရာဒေသ ကွပ်ကဲအုပ်ချုပ်မှု အလှမ်းဝေးသောနေရာများနဲ့ ဖွံ့ဖြိုးမှုနောက်ကျတဲ့ဒေသများမှာ ဘိန်းစိုက်ပျိုးမှုများ ရှိတာကို သိရှိရပါတယ်။

ယခုနှစ် ၂၀၁၃ ခုနှစ်၌ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ဧက မည်မျှရှိသနည်းဆိုတဲ့ မေးခွန်းနဲ့ စပ်လျဥ်းလို့ မြန်မာနိုင်ငံမှာ ဘိန်းစိုက်ပျိုးမှု တိုင်းတာခြင်း လုပ်ငန်းများကို မူးယစ်ဗဟိုနဲ့ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ မှုခင်းဆိုင်ရာရုံး (United Nations Office on Drug and Crime- UNODC)တို့ ပူးပေါင်းပြီးတော့ ၂၀၀၂ ခုနှစ်မှစ၍ နှစ်စဥ် တိုင်းတာခဲ့ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ မှုခင်းဆိုင်ရာရုံး UNODC ရဲ့ အစီရင်ခံစာအရ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘိန်းစိုက်ရာသီအတွင်းမှာ (၅၇၈၀၀)ဟက်တာ၊ ဧကအနေနဲ့ တွက်မယ်ဆိုရင် (၁၄၂၈၂၃.၈)ဧက ရှိကြောင်း သိရှိရပါတယ်။

ထိုဘိန်းပင်များကို မည်ကဲ့သို့ ဖျက်ဆီးမည်နည်းဆိုတဲ့ မေးခွန်းနဲ့ စပ်လျဥ်းလို့ ဘိန်းစိုက်ပျိုးမှုများကို ဂြိုလ်တုဓာတ်ပုံဖြင့် တိုင်းတာခြင်းများကို ၂၀၀၆ ခုနှစ်မှစပြီး တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (National Narcotic Control Commission-NNCC)နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်းတာတွေ့ရှိတဲ့ မြေပုံညွှန်းများကို သက်ဆိုင်ရာ ဘိန်းစိုက်ပျိုးတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပေးပို့ပြီး ဘိန်းခင်းဖျက်ဆီးရေး စီမံချက်များ ရေးဆွဲကာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ နယ်ခြားစောင့်တပ်ဖွဲ့နဲ့ ဒေသခံပြည်သူ့စစ်အဖွဲ့များ ပါဝင်တဲ့ ပူးပေါင်းအဖွဲ့နဲ့ ရှာဖွေဖျက်ဆီးမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဘိန်းစိုက်ရာသီအတွင်းမှာ(၂၃၇၇၁) ဟက်တာ၊ ဧကအားဖြင့် (၅၈၇၃၈.၁၄)ဧက၊ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘိန်းစိုက်ရာသီအတွင်းမှာ(၁၂၂၅၇.၄၆)ဟက်တာ၊ ဧကအတွင်းမှာ(၃၀၂၈၈.၁၈)ဧကနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဘိန်းစိုက်ရာသီ ၁-၉-၂၀၁၃ ရက်မှ ၃၁-၁၁-၂၀၁၃ ရက်နေ့အထိ ဘိန်းခင်း (၁၂၇၇၄.၁၈) ဟက်တာ၊ ဧကအားဖြင့် (၃၁၅၆၅.၁၁)ဧကကို ဖျက်ဆီးနိုင်ခဲ့ပြီး ဆက်လက်ဖျက်ဆီးနိုင်ရေးလည်း ဆောင်ရွက်လျက်ရှိပါတယ်။

တုတ်နဲ့ ဝါးခြမ်းများဖြင့် ဝှေ့ယမ်းဖျက်ခြင်းထက် လေယာဥ်ဖြင့် ဆေးဖျန်းခြင်း၊ ဆေးဖျန်းပုံး၊ ဆေးဖျန်းစက်များဖြင့် ဖျက်ဆီးခြင်းက ပိုမိုကောင်းမွန် ထိရောက်သောကြောင့် ထိုစက်ကိရိယာ၊ လေယာဥ်၊

အပင်သတ်ဆေးများကို UN အပါအဝင် USA နှင့် EU တို့မှ အထောက်အပံ့ရရှိအောင် မည်ကဲ့သို့ တင်ပြတောင်းခံမည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနဲ့စပ်လျဥ်း၍ မြန်မာနိုင်ငံနဲ့ အမေရိကန် နှစ်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နှင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ဖို့ ၁၉၇၄ ခုနှစ်မှာ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး အမေရိကန်နိုင်ငံက ထောက်ပံ့ခဲ့တဲ့ ဖော်ကာလေယာဥ်၊ ရဟတ်ယာဥ်နဲ့ ဆေးဖြန်းလေယာဥ်အပါအဝင်(၃၉)စီးနဲ့ ဘိန်းစိုက်ခင်းများကို ဖျက်ဆီးခဲ့ပါတယ်။ ဘိန်းအထွက်နှုန်း တိုင်းတာရေးလုပ်ငန်းများ (Opium Yield Survey)ကို ၁၉၉၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်ထိ (၁၀)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီးတော့ ၂၀၀၄ ခုနှစ် နောက်ပိုင်းမှာတော့ အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါဘူး။

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှာ မြန်မာ-အမေရိကန် ပြန်လည်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် တားဆီးနှိမ်နှင်းရေး အဖွဲ့အစည်းများရဲ့ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်စာလွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ မတ်လ ၁၀ ရက်နေ့အထိ ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်အတွင်း မြို့နယ်ပေါင်း (၁၁)မြို့နယ်မှာ ဘိန်းထွက်နှုန်းတိုင်းတာရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

UN အဖွဲ့အစည်းက UN အဖွဲ့ဝင်နိုင်ငံများကို နည်းပညာအကူအညီ ပေးခြင်းနဲ့ EU ကဲ့သို့ အလှူရှင်နိုင်ငံများမှ ထည့်ဝင်တဲ့ ရန်ပုံငွေများနဲ့ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာမှာ ဘိန်းစိုက်ပျိုးမှုတိုင်းတာရေး အစီအစဥ်မှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဘိန်းပင်မှ ထုတ်လုပ်ခြင်းမဟုတ်သော အခြားမူးယစ်ဆေးဝါးများကို မည်သည့် လက်နက်ကိုင်များမှ ကြီးစိုးရာဒေသမှ အဓိကထုတ်လုပ်ဖြန့်ဖြူးနေသနည်းဆိုတဲ့ မေးခွန်းနဲ့ စပ်လျဥ်းလို့ ဘိန်းပင်မှ ထုတ်လုပ်ခြင်းမဟုတ်တဲ့ အခြားမူးယစ်ဆေးဝါးများကို မြန်မာနိုင်ငံအရှေ့ပိုင်း နယ်စပ်တစ်လျှောက်မှာရှိတဲ့ ဒေသများမှာ ပြည်ပရှိ မူးယစ်ဆေးဝါးဂိုဏ်းများက ငွေကြေး၊ နည်းပညာနဲ့ ကိရိယာများ ရင်းနှီးမြှုပ်နှံပြီး အဓိကထုတ်လုပ်မှုများရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိမှုဖြစ်စဥ်များအရ သုံးသပ်ရပေမယ့် လည်းလုံခြုံရေးကန့်သတ်ချက်ရှိတဲ့ နေရာဒေသများဖြစ်တဲ့အတွက် မည်သည့်လက်နက်ကိုင် အဖွဲ့အစည်းများ ပါဝင်ပတ်သက်နေကြောင်းနှင့် ထုတ်လုပ်နေတဲ့နေရာ အတိအကျကိုဖော်ထုတ်နိုင်ခြင်း မရှိသေးကြောင်း သိရှိရပါတယ်။

ဘိန်းပင်မှ ထုတ်လုပ်ခြင်းမဟုတ်တဲ့ အခြားမူးယစ်ဆေးဝါးများကို မြန်မာနိုင်ငံအရှေ့ပိုင်း နယ်စပ်ဒေသများမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများက နယ်စပ်ဒေသမှာ တရားမဝင် စိတ်ကြွဆေးဝါးများ ထုတ်လုပ်ပြီး မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လျက်ရှိပါတယ်။ ဆူဒိုအက်ဖီဒရင်းဆေးက မြန်မာ-အိန္ဒိယနယ်စပ် ကလေး၊ တမူးဒေသမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဖြန့်ဖြူးလျက်ရှိပြီး အဲဒီဆေးဝါးက အိန္ဒိယနိုင်ငံမှာ တရားဝင်မှတ်ပုံတင်ထားတဲ့ ဆေးဝါးဖြစ်ပြီး လက်နက်ကိုင်များက ထုတ်လုပ်ဖြန့်ဖြူးမှု မရှိဘဲ မူးယစ်ဆေးဝါး မှောင်ခိုသမားများကသာ လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

ထိုမူးယစ်ဆေးဝါး ထုတ်လုပ်နေသော လက်နက်ကိုင်များကို မထုတ်လုပ်ရန် မည်ကဲ့သို့ ထိန်းချုပ်မည်နည်း၊ မည်ကဲ့သို့ ကတိကဝတ်တောင်းမည်နည်း မေးခွန်းနဲ့ စပ်လျဥ်းလို့ မူးယစ်ဆေးဝါးထုတ်လုပ်ရာဒေသများကို ထိန်းချုပ်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနဲ့ နိုင်ငံတော်အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်တဲ့အဖွဲ့က စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

စေ့စပ်ညှိနှိုင်းမှုများ အောင်မြင်မှုရရှိပါက သဘောတူညီချက်များမှာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၌ ပူးပေါင်းဆောင်ရွက်ရေးဆိုတဲ့အချက်က အဓိက အချက်တစ်ချက်အနေနဲ့ ပါဝင်တာ ဖြစ်ပါတယ်။

ဆူဒိုအက်ဖီဒရင်းဆေး ရောင်းချသူများက တစ်ဖက်အိန္ဒိယနိုင်ငံသားများ ဖြစ်ကြောင်းသိရှိရတဲ့ အတွက် ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေးနဲ့ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် ထိန်းချုပ်ပေးနိုင်ရေး အတွက် နှစ်နိုင်ငံ အောက်ခြေအရာရှိအဆင့် မူးယစ်ဆေးဝါးသတင်းဖလှယ်ပွဲများနဲ့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်၊ တမူး-မိုရေး နယ်စပ်ဆက်ဆံရေးရုံး အစည်းအဝေးများမှာ ထည့်သွင်းဆွေးနွေးပြီး ပူးပေါင်း ဆောင်ရွက်ရေး ညှိနှိုင်းလျက်ရှိပါတယ်။ တမူးခရိုင်နဲ့ ကလေးခရိုင်အတွင်း မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်ဖောက်ကားမှုများ ပပျောက်ရေးအတွက် ရေရှည်စီမံချက်များရေးဆွဲကာ ဖွဲ့စည်းပုံအသစ်အရ တမူးနဲ့ ကလေးဒေသတို့မှာ မူးယစ်ဆေးဝါး တားဆီးရေးရဲတပ်ဖွဲ့ကို အင်အားတိုးချဲ့လျက် နယ်မြေခံ ရဲတပ်ဖွဲ့နဲ့ ပြည်သူလူထု ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။

လက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံတော်အစိုးရနဲ့လက်တွဲပြီး မူးယစ်ဆေးဝါးပပျောက်ရေး နှင့် ဘိန်းခင်းများ ဖျက်ဆီးရေးလုပ်ငန်းများမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မည့်သည့်လက်နက်ကိုင် အဖွဲ့အစည်းများက မူးယစ်ဆေးဝါးထုတ်လုပ်နေသည်လို့ တိကျစွာ စွပ်စွဲပြောဆိုရန် အခက်အခဲရှိပါတယ်။ သို့ပေမယ့်လည်း လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးတဲ့ နယ်မြေဒေသများမှာ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများ ရှိပါက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ လူမျိုး၊ ဘာသာအဖွဲ့အစည်း မခွဲခြားဘဲ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။

မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးနေမှုများအား ပြည်ပနိုင်ငံများနှင့် ပူးပေါင်း၍ ထောက်လှမ်းရေး သတင်းအချက်အလက် ဖလှယ်ရယူသွားရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်နေမှုများကို နိုင်ငံတကာနဲ့ ပူးပေါင်းထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံက ၁၉၉၃ ခုနှစ်မတ်လ ၃၀ ရက်နေ့မှာ အိန္ဒိယနိုင်ငံနဲ့လည်းကောင်း၊ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့လည်းကောင်း၊ ၁၉၉၅ ခုနှစ်၊ မတ်လ၁၁ရက်နေ့မှာ ဗီယက်နမ်နိုင်ငံနဲ့လည်းကောင်း၊ ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့နဲ့ ၂၀၀၆ခုနှစ် ဧပြီလ ၃ ရက်နေ့မှာ ရုရှားနိုင်ငံနဲ့လည်းကောင်း၊ ၁၉၉၇ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှာလာအိုနိုင်ငံနဲ့လည်းကောင်း၊ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ ဖိလစ်ပိုင်နိုင်ငံနဲ့လည်းကောင်း၊ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ၂၁ ရက်နေ့နဲ့ ၂၀၀၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှာ တရုတ်နိုင်ငံနဲ့လည်းကောင်း၊ ၂၀၀၁ ခုနှစ် ဇွန်လ ၂၀ ရက်နေ့မှာ ထိုင်းနိုင်ငံနဲ့ လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှာ အမေရိကန်နိုင်ငံနဲ့လည်းကောင်း သဘော တူညီချက်များ လက်မှတ်ရေးထိုးခဲ့ပြီးနောက် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ သတင်းများ၊ အပြန်အလှန် ဖလှယ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါ သဘောတူညီချက်များလက်မှတ်ရေး ထိုးပြီးနောက် မြန်မာ-တရုတ်နှစ်နိုင်ငံ၊ မြန်မာ- ထိုင်းနှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေးများကို တစ်နှစ်လျှင် တစ်ကြိမ် နှစ်နိုင်ငံ အလှည့်ကျ အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိပြီး အလိုရှိတဲ့ မူးယစ်တရားခံပြေး သတင်းများနဲ့ အခြားမူးယစ် ဆေးဝါးဆိုင်ရာ သတင်းအချက်အလက်များကို အပြန်အလှန်ဖလှယ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများနဲ့ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဆက်ဆံရေး (Border Liaison Offices, BLOs) များကိုလည်း

ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ မြန်မာ-တရုတ်နယ်စပ်မှာ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ မူဆယ်နဲ့ လောက်ကိုင်၊ မြန်မာ - လာအိုနယ်စပ်မှာ ဝမ်ပုံနဲ့ ဝမ်ကျင်း၊ မြန်မာ-ထိုင်းနယ်စပ်မှာ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း စုစုပေါင်း(၉)ရုံး ဖွင့်လှစ်ခဲ့ပြီး အချိန်နဲ့တစ်ပြေးညီ အောက်ခြေအဆင့် မူးယစ်ဆေးဝါးသတင်း ဖလှယ်မှု များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်နဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နဲ့ မူးယစ်ဆေးဝါး ဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ တရုတ်နိုင်ငံ (NNCC) က ဘိန်းခင်းစိုက်ပျိုးမှု တိုင်းတာ ခြင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသအချို့မှာ ဘိန်းအစားထိုး ဖွံ့ဖြိုးရေးကူညီဆောင်ရွက်ခြင်း၊ ထိုင်းနိုင်ငံ က ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသအချို့မှာ ဘိန်းအစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ ကူညီဆောင်ရွက် ပေးခြင်း၊ အမေရိကန်ပြည်ထောင်စု မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ထိန်းချုပ်ရေးအဖွဲ့ (Drug Enforcement Adminstration- DEA)က မြန်မာ-အမေရိကန် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများမှာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်မှုခင်းနှိမ်နင်းရေးဆိုင်ရာအဖွဲ့ရုံး (UNODC)ကကျေးရွာများ အထိ ကွင်းဆင်းသွားရောက်ပြီးတော့ ဘိန်းအထွက်နှုန်းတွက်ချက်ခန့်မှန်း တိုင်းတာဆောင်ရွက်ခြင်းနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မူးယစ်ဆေးဝါးပပျောက်ရေး(၁၅)နှစ် စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်ကနေ စတင်ဆောင်ရွက် ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်အထိ (၅)နှစ်စီ (၃)ပိုင်းခွဲဆောင်ရွက်ခဲ့ရာမှာ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ မှာ စီမံကိန်းကာလ ကုန်ဆုံးမှာဖြစ်ပါသည်။ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန်နဲ့ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ထိရောက်အောင်မြင်စွာ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ နောက်ထပ်(၅)နှစ် သက်တမ်းတိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်မှာ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန်ကို ရယူဆောင်ရွက် သွားမည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးနေမှု သတင်းများကို အာဆီယံနိုင်ငံများမှာရှိတဲ့ ရဲတပ်ဖွဲ့ဝင်များ၊ အင်တာပိုလ်ရဲတပ်ဖွဲ့ဝင်များ၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့ (DEA)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ထိန်းချုပ်ရေးအဖွဲ့ (Office of Nariotics Control Board-ONCB)၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ် ဆေးဝါးထိန်းချုပ်ရေး ကော်မရှင်(NNCC)၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းနှိမ်နင်းရေးဆိုင်ရာ အဖွဲ့ရုံး (UNODC)တို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘိန်းပင်၊ မူးယစ်ဆေးဝါးနဲ့ ပတ်သက်လို့ တိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီးတော့ လည်း အင်တိုက်အားတိုက် ဆောင်ရွက်နေတဲ့ ကိစ္စရှိပါတယ်။ ဒုတိယဝန်ကြီး ရှင်းလင်းသွားတာတွေလည်း ပြည့်စုံပါတယ်။ ဒါပေမဲ့ တစ်နှစ်ထက်တစ်နှစ်လည်း ခုနကလို မပျောက်ဘဲနဲ့ ဒါတွေ ရှိနေတယ်။ ဘိန်း အစားထိုးလုပ်ငန်းတွေက ဘိန်းလောက် မမြတ်တဲ့အခါကျတော့ များများနဲ့ မြန်မြန်မြတ်တဲ့ကိစ္စကိုပဲ တိုင်းရင်းသားတွေက ဒါကို လုပ်နေရတဲ့သဘော။ ဒါမှ မလုပ်ရလို့ရှိရင်လည်း ဆင်းရဲတွင်းက နက်တဲ့ သဘောရှိပါတယ်။ ဒါက နိုင်ငံတော်အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်တဲ့အတွက် ဒီမေးခွန်းမှာပါတဲ့ လူမျိုးစု ဆိုတဲ့ စကားရပ်၊ အဖြေမှာပါတဲ့ လူမျိုးစုဆိုတဲ့ စကားရပ်တွေကို ကောက်နုတ်

ပယ်ဖျက်ပြီးတော့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ အများပြည်သူ သိရှိအောင် မေးခွန်းနဲ့ အဖြေတွေကို ထည့်သွင်းဖို့လို့ ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့် ပုဂ္ဂိုလ်က အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း ၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဗိုလ်မှူးချုပ်ကျော်ဦးလွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ ကော်မတီကိုယ်စား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၂၀
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၁၅-၁-၂၀၁၄ ရက်နေ့တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၀-၁-၂၀၁၄ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်း အပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည် -

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းသည် မြန်မာနိုင်ငံကအဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည့် အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ စာချုပ်(၁၁)ခုအရ

လည်းကောင်း၊ အာဆီယံအဖွဲ့ကြီး၏ အကြမ်းဖက်မှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းအရ လည်းကောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့် လိုက်လျောညီထွေမှု ရှိစေရန်လည်းကောင်း၊ နိုင်ငံတော်နှင့် အများပြည်သူအကျိုးကို ကာကွယ်စောင့်ရှောက် နိုင်သော ပြည်တွင်းဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းနိုင်ရန် ပြုစုရေးဆွဲတင်ပြထားခြင်း ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

( ခ) ဤဥပဒေကြမ်းတွင် အခန်း(၁၉)ခန်းပါရှိသည့်အနက် အခန်း(၄)မှ အခန်း(၁၂)အထိ အခန်း(၉)ခန်းသည် မြို့ပြလေကြောင်း ပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ် ဖြစ်စေသည့် ဥပဒေမဲ့ ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေး၊ အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များအပေါ် ကျူးလွန်မှုများအား တားဆီးနှိမ်နင်းရေး၊ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှုများအား တားဆီးနှိမ်နင်းရေး၊ နျူးကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ နျူးကလီးယား အဆောက်အဦ များနှင့် သက်ဆိုင်သည့် ပြစ်မှုများနှင့် ဇီဝဓာတုနှင့် နျူးကလီးယား လက်နက်များအား တားဆီးနှိမ်နင်းရေး၊ လေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေမည့် ဥပဒေမဲ့ ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေး၊ ရေအောက်သယံဇာတရှာဖွေရေး အဆောက် အဦကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေး၊ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် အမှတ်အသား ပြုလုပ်ရေးနှင့် အမှတ်အသား ပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ပလပ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှု များအား တားဆီးနှိမ်နင်းရေး၊ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေး၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေး အစရှိသည့် အမျိုးအစား ကွဲပြားခြားနားသည့် အကြမ်းဖက်မှု အသီးသီးအတွက် အကြမ်းဖက်မှု တားဆီးနှိမ်နင်းရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

( ဂ) ဤဥပဒေကြမ်းအခန်း(၁၃)နှင့် (၁၄)တို့သည် စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပြစ်မှုနှင့် ပြစ်ဒဏ်ဆိုင်ရာ ပြဋ္ဌာန်းချက်များဖြစ်ပြီး ဥပဒေ ကြမ်း၏ အခန်း(၁၅)၊ (၁၆)နှင့် (၁၇)တို့သည် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြမ်းဖက်သမား တရားခံအား သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးခြင်း၊ အကြမ်းဖက်သမားများကို အရေးယူဆောင်ရွက်ရာ၌ လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်း ချက်များနှင့်အညီ တရားမျှတစွာ ပြုမူဆက်ဆံရေးတို့နှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက် များ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဤဥပဒေကြမ်းအခန်း(၁)၊ (၂)နှင့် (၁၉)တို့သည် ဥပဒေကြမ်းတစ်ရပ်တွင် ပါဝင်မြဲ ဖြစ်သည့် အမည်၊ စီရင်ပိုင်ခွင့်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ၊ ဥပဒေကို ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်နှင့် အထွေထွေဆိုင်ရာ ပြဋ္ဌာန်းချက်များဖြစ်ပြီး အခန်း(၃)သည် အကြမ်းဖက်မှု အသီးသီးကို ထိရောက်အောင်မြင်စွာ တိုက်ဖျက်ရေး၊ တားဆီး ကာကွယ်ရေး၊ အများပြည်သူအား အသိပညာပေးရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်း

များကို စနစ်တကျ မူဝါဒချမှတ် အကောင်အထည်ဖော်နိုင်စေရန် ဗဟိုအဖွဲ့နှင့် လုပ်ငန်းကော်မတီများကိုဖွဲ့စည်း၍ လုပ်ပိုင်ခွင့်နှင့် တာဝန်များပေးအပ်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

( င ) အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းကို လေ့လာစိစစ်ခဲ့ရာ ကမ္ဘာတစ်ဝှမ်းတွင် အကြမ်းဖက်မှုဖြစ်စဉ်များ မြင့်တက်လာသည်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အရေးတကြီးလိုအပ်သည့် ဥပဒေတစ်ရပ်ဖြစ်ပြီး ပညာရပ်ပိုင်းဆိုင်ရာ အသုံးအနှုန်းများ ပါဝင်နေသည့်အတွက် အများပြည်သူ ဖတ်ရှုလေ့လာနိုင်ရန် ခက်ခဲသည့် ဥပဒေတစ်ရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးအစား ကွဲပြားခြားနားသော အကြမ်းဖက်မှုအသီးသီးကို ထိရောက်စွာ တားဆီးနှိမ်နှင်းရန် ရေးဆွဲထားခြင်းဖြစ်သဖြင့် ပညာရပ်ဆိုင်ရာအရ ပြင်ဆင်ရန် လိုအပ်ချက်များ မရှိသော်လည်း အများပြည်သူ နားလည်နိုင်သည့် အသုံးအနှုန်းနှင့် အရေးအသားဖြစ်စေရန် လိုအပ်နေမှုများ၊ ဗဟိုအဖွဲ့ဖွဲ့စည်းမှု၊ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေ ထူထောင်မှုတို့၌ ပိုမိုပြည့်စုံစေရန် ပြင်ဆင်ဖြည့်စွက်ရမည့် အချက်တို့ကို လေ့လာတွေ့ရှိခဲ့ပါသည်။

( စ ) ပြည်သူအများ ရှင်းလင်းလွယ်ကူစွာ သိရှိလိုက်နာနိုင်စေရန်လည်းကောင်း၊ စနစ်ကျနသည့် ဥပဒေတစ်ရပ် ဖြစ်စေရန်လည်းကောင်း၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အကြံပြုဆွေးနွေးခဲ့သော အချက်များအပေါ် ပြည်ထဲရေးဝန်ကြီးဌာနကတာဝန်ရှိပုဂ္ဂိုလ်များကလည်း သဘောတူညီခဲ့သည့်အတွက် တင်ပြလာသော ဥပဒေကြမ်းကို ပြင်ဆင်ရေးသားခဲ့ပါသည်။ ညှိနှိုင်းပြင်ဆင်ပြီးသည့် ဥပဒေကြမ်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ထပ်မံဖြန့်ဝေတင်ပြပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ ဤဥပဒေကြမ်းသည် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်များ၊ အာဆီယံအကြမ်းဖက်မှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းနှင့် ညီညွတ်မှုရှိစေရန်လည်းကောင်း၊ အမျိုးအစားကွဲပြားခြားနားသည့် အကြမ်းဖက်မှု အသီးသီးကို ထိရောက်စွာ ကာကွယ်တားဆီးနှိမ်နင်း ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးစီးပွားကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးရန်လည်းကောင်း ရေးဆွဲတင်ပြခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်သင့်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက်လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုထားသည့် အတွက်လည်းကောင်း အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (က)အရ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာနက လက်ခံကျင့်သုံး ဆောင်ရွက်သွားမယ့် အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းတဲ့ အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆို တင်သွင်းရခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အကြမ်းဖက်မှု တိုက်ဖျက်ရေးနဲ့ စပ်လျဉ်းလို့ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနဲ့ နောက်ဆက်တွဲစာချုပ်(၁၁)ခုတို့မှာ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားပြီး ဖြစ်တဲ့အပြင် အာဆီယံအဖွဲ့ကြီးရဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းမှလည်း အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ရာ အဆိုပါ ကွန်ဗင်းရှင်းများနဲ့ နောက်ဆက်တွဲစာချုပ်များ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနဲ့ လိုက်လျောညီထွေရှိတဲ့ နိုင်ငံတော်နဲ့ အများပြည်သူရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်တဲ့ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်းကို ရေးဆွဲထားရှိပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းပါကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီးက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် တင်သွင်းသော အဆိုကို ကျွန်တော် ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူသွားမှာ ဖြစ်ပါတယ်။ အမျိုးသားကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၇၂ တို့သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၇၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ် အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၀း၅၅) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၁၅)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ၂၀၁၃ ခုနှစ်၊ စာချွန်တော် အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဦးတင်ယု (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဥပဒေကြမ်း ကော်မတီဝင်ဦးတင်ယု ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရကော်မတီ၏ ကိုယ်စား၂၀၁၃ ခုနှစ်၊ စာချွန်တော် အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော်က ၂၀၁၃ ခုနှစ်၊ စာချွန်တော် အမိန့်လျှောက်ထားမှု ဆိုင်ရာ ဥပဒေကြမ်းကို ၁၄-၁၀-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူ အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်း ဥပဒေကြမ်းကို ၉-၁-၂၀၁၄ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ယင်း ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း(၆)ခန်း၊ ပုဒ်မ(၁၉)ခု ပါရှိပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းတွင်ပါရှိသော စိစစ်ကြားနာရေး အဖွဲ့ဆိုသည့် စကားရပ်များကို လက်တွေ့ဆောင်ရွက်မှုနှင့် ကိုက်ညီစေရန်အတွက် ကြားနာဆုံးဖြတ်ရေးအဖွဲ့ ဆိုသည့် စကားရပ်ဖြင့် ပြောင်းလဲအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၁၃ တွင် ပါရှိသော လိုအပ်သည် ဆိုသည့် စကားရပ်၏နောက်ရှိ စာရွက်စာတမ်း ဆိုသည့် စကားရပ်အားဖြင့် လည်းကောင်း၊ ပုဒ်မ ၁၄ တွင်ပါရှိသော တင်ပြလိုပါက ဆိုသည့် စကားရပ်၏နောက်တွင် ပူးတွဲစာရွက်စာတမ်း ဆိုသည့် စကားရပ်အားလည်းကောင်း၊ ပုဒ်မ ၁၅ တွင် ပါရှိသော တောင်းယူသော ဆိုသည့် စကားရပ်၏နောက်ရှိ စာရွက်စာတမ်းဆိုသည့် စကားရပ် အား လည်းကောင်း သီးခြားဖော်ပြရန် လိုအပ်ခြင်းမရှိဘဲ လိုအပ်သည့် အထောက်အထား ဟူသည့် စကားရပ်ဖြင့် လုံလောက်ပြီးဖြစ်သဖြင့် စာရွက်စာတမ်းဆိုသည့် စကားရပ် များအား ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းပုဒ်မ ၁၆ တွင် ဖော်ပြပါရှိသော အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့် တို့နှင့် စပ်လျဉ်း၍ လျှောက်ထားလွှာ တင်သွင်းသည့် ကာလအား နှစ်နှစ် ဟု သတ်မှတ်ထားရာတွင် ဆောင်ရွက်ရမည့်ကိစ္စရပ်ကို ပိုမိုမှန်ကန် မြန်ဆန်စေရေးအတွက် ယင်းကာလ စည်းကမ်းသတ် နှစ်နှစ် ဆိုသည့် စကားရပ်အစား တစ်နှစ် ဆိုသည့် စကားရပ်ဖြင့် ပြောင်းလဲအစားထိုးထားသင့်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဃ) တရားစီရင်ပိုင်ခွင့် အာဏာများကို သုံးစွဲဆောင်ရွက်ရာတွင် ပိုမိုရှင်းလင်းပြတ်သားမှု ရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) တွင် ဖော်ပြပါရှိသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဤဥပဒေအာဏာ တည်သည့်နေ့မှစ၍ စာချွန်တော်လျှောက်ထားမှုနှင့် စပ်လျဉ်းသော အမှုများကို ဆိုသည့် စကားရပ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဤဥပဒေအာဏာတည်သည့်

နေ့မှစ၍ တင်သွင်းသည့် စာချွန်တော်လျှောက်ထားမှုနှင့် စပ်လျဉ်းသော အမှုများကို ဆိုသည့် စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း တွေ့ရှိရပါသည်။

(င) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းပုဒ်မ ၁၉(က)နှင့်(ခ)တွင် ဖော်ပြထားချက်များအစား လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူ အဆင်ပြေစေရန်နှင့် ရေးထုံးမှန်ကန်စေရန်အတွက် ပုဒ်မ ၁၉ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်အစားထိုးသင့်ကြောင်း တွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းကို ဒုတိယရှေ့နေချုပ်ဦးဆောင်သော ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်ခင်ဗျား။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၁၃ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၈-၁-၂၀၁၄ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပဉ္စမနေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၁း၂၀နာရီ အချိန်တွင် ရပ်နားပါသည်။]